# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

March 14 , 2022 Volume 52, Number 9


| ၁၄.၃.၂၀၂၂ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၇၄ US$ |
| မြန်မာ့ရွှေဈေး | = ၁၉၉၂၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၂၀၂၅ ကျပ် |
| CBM Rate | = ၁၇၇၈.၀ ကျပ် |
| ယူရို တစ်ယူရို | = ၁၉၄၈.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၃၀၃.၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၃၁၉.၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၂၈၉.၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၇၉.၅၉ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၂၂၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၃.၇၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၂၂.၅၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၃.၂၁၈ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ဆောင်းသီးနှံအဖြစ်စိုက်ပျိုးခဲ့သည့် ဆီနေကြာများ မန္တလေးတိုင်းဒေသကြီး ဈေးကွက်သို့ လှိုင်လှိုင်ဝင်ရောက်လာ



မြန်မာတောင်သူကြီးများဂျာနယ်

ဆောင်းသီးနှံအဖြစ် စိုက်ပျိုးခဲ့သည့် ဆီနေကြာများ ယခုရက်ပိုင်းအတွင်း မန္တလေးဈေးကွက်သို့ နေ့စဉ် လှိုင်လှိုင် ဝင်ရောက်လျက်ရှိကြောင်း မန္တလေး ပွဲရုံ... ပဲကုန်သည်များထံက သိရသည်။ မြန်မာပြည်အနှံ့ ဆောင်းသီးနှံအဖြစ် စိုက်ပျိုးခဲ့သည့် နေကြာများမှာ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ အဓိကဝင်ရောက်လာပြီး ဈေးနှုန်းအနေဖြင့် ယခင်နှစ်ကာလတူက ဆီနေကြာ ၂၇ ပိဿာ သုံးတင်းဝင်တစ်အိတ် ကျပ် ၅၀,၀၀၀ ဈေးရှိခဲ့ရာမှ ယခုနှစ်တွင် ကျပ် ၇၀,၀၀၀ ထိရှိလာသည်။

"ယခင်ကာလက ဆီနေကြာကို ကြားသီးနှံအဖြစ်ပဲ စိုက်ပျိုးကြပါတယ်။ အခုအချိန်မှာ နေကြာတွေကို အခင်းလိုက်စိုက်ပျိုးနေတာကို တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာတာတွေ့ရှိရတယ်။ နေကြာကို စိုက်ပျိုးတဲ့အခါမှာ ကုန်ကျစရိတ်သက်သာတဲ့အတွက် တောင်သူတွေလည်း အဆင်ပြေပါတယ်။ လက်ရှိအချိန်မှာ နိုင်ငံတော်အနေနဲ့ကလည်း ဆီနေကြာကိုစိုက်ပျိုးဖို့ တိုက်တွန်းနေပါတယ်။ ယခုနှစ် ထူးခြားချက်ကတော့ ဈေးကွက်အတွင်းမှာ နေကြာတွေ ပိုမိုဝင်ရောက်နေတာတွေ့ရှိရတယ်။ နေကြာဆီက ကျန်းမာရေးကို အထောက်အကူပြုတယ်။ ပြည်တွင်းက ထွက်ရှိတဲ့အတွက် ဈေးနှုန်းအနေနဲ့ကလည်း သင့်တင့်မျှတတဲ့ဈေးရှိတယ်။ ခုဆိုရင် ဈေးကွက်မှာ နေကြာဆီ တစ်ပိဿာက ငွေကျပ် ၆၀၀၀ နဲ့ ၆၅၀၀ ဈေးရှိတယ်။ နေကြာဖတ်ကလည်း တိရစ္ဆာန်အစာအဖြစ် အသုံးပြုလို့ရပါတယ်။ တစ်ချို့ဒေသတွေက ဆီစက်တွေမှာဆိုရင် နေကြာကို ကြိတ်နေကြပါပြီ" ဟု မန္တလေးမြို့မှ ဦးစိုးဝင်းမြင့် (စိုးဝင်းမြင့်ပွဲရုံ)က ပြောသည်။

နေကြာသီးနှံကိုစားသုံးသည့် လှော်နေကြာနှင့်ဆီထွက်သီးနှံအဖြစ် စိုက်ပျိုးသည့် နေကြာဟူ၍ နှစ်မျိုးစိုက်ပျိုးပြီး၊ စားသုံးသည့် လှော်နေကြာကို ဧရာဝတီမြစ်ရိုးတစ်လျှောက်နှင့် တောင်ကြီး၊ အောင်ပန်းဒေသတို့တွင် စိုက်ပျိုးကြကာ ဆီထွက်သီးနှံအဖြစ် စိုက်ပျိုးကြသည့် နေကြာကို မြန်မာပြည်အနှံ့ တောင်ပေါ်၊ မြေပြန့်နေရာဒေသမရွေးစိုက်ပျိုးကြလျက်ရှိသည်။

**မြန်မာတောင်သူကြီးများဂျာနယ်**

## IGL ကုမ္ပဏီက နွေစပါးတင်းတစ်ရာကို ၆၂၅၀၀၀ ကျပ်နဲ့ ဝယ်ယူနေ

International Green Land ကုန်သွယ်ရေးကုမ္ပဏီက ဧရာဝတီတိုင်းဒေသကြီးနဲ့ ပဲခူးတိုင်းဒေသကြီးတွေမှာ (အစိုဓာတ် ၁၄ %ပါ) နွေစပါးတွေကို မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ရဲ့ ကြီးကြပ်မှုနှင့် ဝယ်ယူပေးနေတယ်လို့ မြန်မာ့စပါးထုတ်လုပ်သူများအသင်းက ပြောပါတယ်။ အခုလိုစပါးတွေ ဝယ်ယူနေတာကြောင့် စပါးရဲ့ဈေးကွက်ပေါက်ဈေးဟာ အစိုးရသတ်မှတ်တဲ့ အခြေခံဈေးထက် ကျော်လွန်ပြီးတော့ တင်းတစ်ရာကို ၈၅၀၀၀၀ အထိ မြင့်တက်ခဲ့တယ်လို့ သိရပါတယ်။သက်ဆိုင်ရာကနေ ၂၀၂၁ မိုးစပါးနဲ့ ၂၀၂၂ နွေစပါးတွေအတွက် တင်းတစ်ရာအခြေခံဈေးကို ကျပ် ၅၄၀၀၀၀ အဖြစ် သတ်မှတ်ကြောင်း တောင်သူလယ်သမားအကျိုးစီးပွားကာကွယ်ရေးနဲ့မြှင့်တင်ရေးကော်မတီက မနှစ်ကအောက်တိုဘာလမှာ ကြေညာချက်ထုတ်ပြန်ခဲ့ပါတယ်။

ဒီအခြေခံဈေးသတ်မှတ်ချက်အရ စပါးပေါက်ဈေးဟာ ကျပ် ၅၄၀၀၀၀ အထက်ရောက်နေရင် ကုန်သည်တွေက ပေါက်ဈေးအတိုင်း ဝယ်ယူရမှာဖြစ်ပြီး သတ်မှတ်အခြေခံဈေး အောက်ရောက်လာရင်တော့ သက်ဆိုင်ရာကနေ အခြေခံဈေးအတိုင်း ဝယ်ယူပေးမှာဖြစ်ပါတယ်။ လက်ရှိပြည်တွင်းမှာ မိုးစပါးလက်ကျန်မရှိသလောက် လျော့နည်းလာပြီး နွေစပါးအသစ်တွေ ပဲဈေးကွက်ထဲ ဝင်ရောက်လာနေပါတယ်။

Ref: GNLM

Source: Current Content

## ဘတ်ငွေ/ကျပ်ငွေ တိုက်ရိုက်ပေးချေခြင်းအတွက် ဧရာဝတီတောင်သူလယ်သမားများဖွံ့ဖြိုးရေးဘဏ်နှင့် Kasikorn Bank (ထိုင်း) တို့ကို ဆောင်ရွက်ခွင့်ရသည့်ဘဏ်အဖြစ် ရွေးချယ်ထားပြီး မတ်လ ၂၁ ရက်မှစတင်ကာ စမ်းသပ်ကာလ ၃ လ သတ်မှတ်ဆောင်ရွက်မည်



သတင်း – BETV Business

ထိုင်း-မြန်မာ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှုတွင် ဘတ်/ကျပ် တိုက်ရိုက်အသုံးပြုပေးချေမှုအတွက် ဆောင်ရွက်ခွင့်ရသည့်ဘဏ် (Designated Bank) အဖြစ် ဧရာဝတီတောင်သူလယ်သမားဖွံ့ဖြိုးရေးဘဏ်နဲ့ Kasikorn Bank (ထိုင်း) တို့ကို ရွေးချယ်ထားပါတယ်။ နယ်စပ်ဒေသတွေဖြစ်တဲ့ မြဝတီနဲ့ တာချီလိတ်ဒေသတွေမှာ ဘတ်/ကျပ်ပေးချေမှုစနစ် အကောင်အထည်ဖော်နိုင်ဖို့ စမ်းသပ်ကာလ(Pilot Period) အဖြစ် မတ်လ ၂၁ ရက်နေ့မှ စတင်ကာ ၃ လ စမ်းသပ်ဆောင်ရွက်ဖို့ စီစဉ်ထားပါတယ်။

နယ်စပ်ကုန်သွယ်ရေးမှာ အမေရိကန်ဒေါ်လာသုံးစွဲမှု လျှော့ချနိုင်ဖို့ ရည်ရွယ်ပြီး ထိုင်း-မြန်မာနယ်စပ် ကုန်သွယ်မှုတွင် ဘတ်/ကျပ် တိုက်ရိုက်အသုံးပြုပေးချေခြင်းကို မတ်လ ၃ ရက်နေ့မှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ခွင့်ပြုပေးခဲ့ပါတယ်။ ထိုင်း-မြန်မာနှစ်နိုင်ငံ ကုန်သွယ်မှုကို တိုးမြှင့်နိုင်ဖို့၊ ကုန်စည်စီးဆင်းမှု မြန်ဆန်ချောမွေ့စေဖို့၊ နှစ်နိုင်ငံငွေပေးချေမှုနဲ့ စာရင်းရှင်းလင်းမှုစနစ် လွယ်ကူချောမွေ့စေဖို့၊ နောက်ပြီး ပြည်တွင်းကျပ်ငွေသုံးစွဲမှုကို တိုးမြှင့်ဖို့အတွက် ရည်ရွယ်ခြင်းဖြစ်တယ်လို့ ဗဟိုဘဏ် (မြန်မာ) ဥက္ကဋ္ဌ ဦးသန်းညိန်းက ပြောကြားထားပါတယ်။

နှစ်နိုင်ငံကုန်သွယ်ရေးမှာ ဘတ်/ကျပ် တိုက်ရိုက်အသုံးပြုပေးချေဖို့ NLD အစိုးရလက်ထက် ၂၀၁၉ ခုနှစ် အောက်တိုဘာမှာ နှစ်နိုင်ငံ ဗဟိုဘဏ်တွေအကြား နားလည်မှုစာချွန်လွှာ (MOU) ရေးထိုးခဲ့ခြင်းဖြစ်ပြီး နှစ်နိုင်ငံကုန်သွယ်ရေးမှာ ငွေပေးချေမှုတွေ ပိုမိုကောင်းမွန်လာနိုင်ကြောင်း ကျွမ်းကျင်သူအချို့က သုံးသပ်ကြပါတယ်။

လက်ရှိ ထိုင်း-မြန်မာနယ်စပ် ကုန်သွယ်ရေးစခန်းတွေဖြစ်ကြတဲ့ မြဝတီ၊ တာချီလိတ်၊ ကော့သောင်း၊ ထီးခီး၊ မြိတ်၊ မော်တောင်နဲ့မဲဆောက်တို့ကတစ်ဆင့် နှစ်နိုင်ငံကုန်သွယ်မှုတွေပြုလုပ်လျက်ရှိပြီး အများစုကိုတော့ မြဝတီဂိတ်ကတဆင့် တင်သွင်း/တင်ပို့ခြင်း ပြုလုပ်နေခြင်းလည်းဖြစ်ပါတယ်။ တရုတ်နယ်စပ်ဂိတ်တွေပိတ်ထားချိန် ထိုင်းနယ်စပ် မြဝတီကုန်သွယ်ရေးစခန်းကတဆင့် ကုန်သွယ်မှုပမာဏက ဖေဖော်ဝါရီ ၄ ရက်နေ့အထိ စာရင်းတွေအရ ကုန်သွယ်မှုနှစ်ဆခန့်တိုးလာခဲ့ပြီး အမေရိကန်ဒေါ်လာသန်း ၄၈၀ နီးပါး ပိုမိုကုန်သွယ်ထားနိုင်ခဲ့တယ်လို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့ စာရင်းတွေမှာ ဖော်ပြထားပါတယ်။

**Source: BETV Business**

## ပြည်တွင်းသုံးကုလားပဲများနှင့် ပဲမာလိုင်းများ စျေးမြင့်တက်လာပြီး ယခင်နှစ်ကာလတူပေါက်စျေးထက် နှစ်ဆကျော်ဖြစ်လာ



မြန်မာတောင်သူကြီးများဂျာနယ်

ပြည်တွင်းသုံးကုလားပဲများနှင့် ပဲမာလိုင်းများ စျေးမြင့်တက်လာရာ ယခင်နှစ်ကာလတူပေါက်စျေးထက် နှစ်ဆကျော်စျေးဖြစ်လာတာကြောင်းနှင့် ကုန်သည်များအတွက် အရင်းအနှီးပမာဏလိုအပ်ချက် ကြီးမြင့်လာကြောင်း ပဲကုန်သည်များ ထံကသိရသည်။ ယခုသီတင်းပတ်တွင် ပို့ကုန်ပဲများ စျေးငြိမ်နေသော်လည်း ပြည်တွင်းသုံးကုလားပဲများနှင့် ပဲမာလိုင်းများမှာ ရန်ကုန်အဝယ်နှင့် လှော်သမားအဝယ်များ သဖြင့် မတ်လ ၁၀ ရက်နေ့တွင် ပဲအမျိုးအစားလိုက် သုံးတင်းဝင်တစ်အိတ် ကျပ် ၅,၀၀၀ မှ ကျပ် ၂၀,၀၀၀ အသီးသီး စျေးမြင့်တက်လာသည်။ ယခုနှစ်တွင် ပဲမျိုးစုံပေါက်စျေးမှာ ယခင်နှစ်ထက် နှစ်ဆကျော် မြင့်တက်နေခြင်း၊ ကျွန်းစားတော်ပဲများတွင် သုံးဆခန့်အထိ စျေးမြင့်တက်လာခြင်းကြောင့် ပွဲစားကုန်သည်များအတွက် ငွေအရင်းအနှီးကြီးလာကြောင်း မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်သွင် (ရွှေစင်သိန်းပွဲရုံ)က ပြောသည်။ “ပို့ကုန်ပဲတွေအပြင် ပြည်တွင်းသုံးကုလားပဲအုပ်စုပဲတွေ ထူးထူးခြားခြား စျေးမြင့်တက်လာတယ်။ မှီးတူးကုလားပဲတစ်အိတ် ကျပ် ၁၃၂,၀၀၀–၁၃၃,၀၀၀၊ ထိုင်ဝမ်ကုလားပဲတွေလည်း တစ်အိတ် ကျပ် ၁၂၆,၀၀၀– ၁၂၇,၀၀၀ ပေါက်စျေးဖြစ်လာတယ်။ လက်ရှိမှာ ရန်ကုန်ဝယ်လက်၊ လှော်လက်တွေအဝယ်များနေတယ်။ ပဲမာလိုင်းမှာ ပဲနီကြား တစ်အိတ် ၁၆၀,၀၀၀–၁၇၀,၀၀၀ ပေါက်စျေးဖြစ်လာတယ်။ ပဲကြီးတစ်အိတ် ၁၉၀,၀၀၀– ၂၀၀,၀၀၀ ထိ စျေးမြင့်တက်လာတယ်" ဟု ဦးကျော်သွင်ကပြောသည်။

**ပဲစင်းငုံ၊ မတ်ပဲနှင့်ပဲတီစိမ်း**

ပို့ကုန်ပဲများဖြစ်သည့် မတ်ပဲစျေးက ယခင်သီတင်းပတ်ထက် စျေးမြင့်တက်လာသော်လည်း ပဲစင်းငုံမှာ စျေးအနည်းသာ စျေးမြင့်တက်လာသည်။ မတ်လဆန်းပိုင်းတွင် သိသိသာစျေးမြင့်တက်လာခြင်းဖြစ်ပြီး နိုင်ငံခြားငွေစျေးနှုန်း အပြောင်းအလဲကို ကုန်သည်များ စောင့်ကြည့်နေခြင်းကြောင့် အရောင်းအဝယ်ပုံမှန်သာရှိသဖြင့် မတ်လ ၁၀ရက်နေ့တွင် မတ်ပဲသုံးတင်းဝင် တစ်အိတ်လျှင် အရည်အသွေးအလိုက် ကျပ် ၁၃၅,၀၀၀၊ ပဲစင်းငုံမှာ ပိဿာ ၆၀ ဝင် တစ်အိတ်လျှင် ကျပ် ၁၃၃,၀၀၀ ပေါက်စျေးထိ မြင့်တက်လာသည်။ ပဲတီစိမ်းရွှေဝါ ရန်ကုန်စျေးကွက်မှာ ကျဆင်းနေရာမှ စျေးမြင့်တက်လာရာ တစ်အိတ် ကျပ် ၁၄၁,၀၀၀ ပေါက်စျေးရှိလာသည်။

**မြေပဲ**

ပြည်တွင်း စားအုန်းဆီစျေး စံချိန်တင်မြင့်တက်လာခြင်းနှင့်အတူ မြေပဲဆံစျေးကွက်မှာ တရုတ်ဝယ်လက်နှင့်ပြည်တွင်းဆီစက်ပိုင်များ အဝယ်ဆုံနေသဖြင့် မတ်လ ၁၀ ရက်နေ့တွင် မြေပဲဆံအမျိုးအစားအလိုက် တစ်ပိဿာအနိမ့်ဆုံး ကျပ် ၃၆၅၀ မှ အမြင့်ဆုံး ကျပ် ၄၀၀၀ ပေါက်စျေးရှိနေသည်။ ပြည်တွင်းသုံး ပဲမာလိုင်းများမှာ စွန်တာပြာ တစ်အိတ် ကျပ် ၁၃၀,၀၀၀ ၊ ပဲဇီးကွက် တစ်အိတ်ကျပ် ၁၃၀,၀၀၀၊ နိုင်လွန်ပဲ–ပုဂံပဲ တစ်အိတ် ကျပ် ၁၆၂,၀၀၀၊ ဘိုကိတ်ပဲ တစ်အိတ် ကျပ် ၁၆၅,၀၀၀၊ ပဲထောပတ်ရှယ်သစ် တစ်အိတ် ကျပ် ၁၆၀,၀၀၀၊ မြေထောက်ပဲ တစ်အိတ်ကျပ် ၁၆၀,၀၀၀၊ ကျွန်းစားတော်ပဲ တစ်အိတ်ကျပ် ၂၇၀,၀၀၀–၂၉၀,၀၀၀၊ ပြည်တွင်းသုံး ကုလားပဲမှီးတူး ၅၇ဒသမ၂၅ ပိဿာ တစ်အိတ် ကျပ် ၁၃၃,၀၀၀ ပေါက်စျေးရှိလာသည်။

**Source: မြန်မာတောင်သူကြီးများဂျာနယ်**

## ရှေဦးဒေသဘက်မှထွက်ရှိသည့်အာလူးအသစ်များ မန္တလေးတိုင်းဒေသကြီးဈေးကွက်အတွင်း အရောင်းအဝယ်ကောင်းမွန်လာပြီး တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀ ခန့် ပေါက်ဈေးရှိနေ



https://yadanarbonnews.com/index.php/dailynews/localnews/item/2310-2022-03-13-03-08-39

ရှေဦးဘက်မှ ထွက်ရှိသည့်အာလူးအသစ်များ မန္တလေးဈေးကွက်အတွင်း အရောင်းအဝယ်ကောင်းမွန်လာပြီးတစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀ ခန့်ပေါက်ဈေးရှိနေကြောင်း မန္တလေးမြို့မှ အောင်ကြက်သွန်နှင့် အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍သိရသည်။ မန္တလေးဈေးကွက်အတွင်းသို့ မတ်လဒုတိယပတ်မှစ၍ ရှေဦးဘက်မှ ထွက်ရှိသည့် အရည်အသွေးကောင်းမွန်သော အာလူးအသစ်များ ဝင်ရောက်လာကြောင်း၊ အာလူးအသစ်များကို ကုန်သည်များအနေဖြင့် ဝယ်ယူမှုပြန်လည်များပြားလာသဖြင့် ဈေးကောင်းရရှိနေကြောင်း သိရသည်။

အခုက ပြည်ပကနေတင်ပို့တဲ့အာလူးတွေမန္တလေးဈေးကွက်ထဲကို သိပ်ပြီးဝင်မလာတော့ဘူး။ ဒါကြောင့် ပြည်တွင်း ရှေဦးဘက်ကထွက်တဲ့ အာလူးတွေကိုပဲ မန္တလေးဈေးကွက်ထဲမှာ အရောင်းအဝယ်လုပ်နေကြပြီး ဈေးနှုန်းကလဲ တော်တော်လေး ကောင်းနေတယ်ဟုဒေါ်မေသဲဆွေကပြောပြသည်။ မန္တလေးဈေးကွက်အတွင်းဖေဖော်ဝါရီလအတွင်းက အာလူးဈေးနှုန်းမှာ တစ်ပိဿာလျှင် ငွေကျပ် ၁၇၀၀ ခန့်သာ ပေါက်ဈေးရှိခဲ့သော်လည်း ယခုအခါ ရှေဦးဘက်မှအရည်အသွေးကောင်းမွန်သည့် အာလူးအသစ်များ ဈေးကွက်အတွင်းဝင်ရောက်လာပြီး အရောင်းအဝယ်ပြန်လည်ကောင်းမွန်လာခြင်းကြောင့် အာလူးတစ်ပိဿာလျှင် ငွေကျပ်၂၀၀၀ ခန့် ပေါက်ဈေးရှိကြောင်း သိရသည်။

**Source:** https://yadanarbonnews.com/index.php/dailynews/localnews/item/2310-2022-03-13-03-08-39

## မကွေးတိုင်းဒေသကြီးအတွင်း နှမ်းမျိုးစုံ ဈေးအမြင့်ဖြင့် အရောင်းအဝယ်သွက်

မကွေးတိုင်းဒေသကြီးအတွင်းရှိ ကုန်စည်ဒိုင်များတွင် နှမ်းမျိုးစုံအရောင်းအဝယ်ဖြစ်လျှက်ရှိရာ ပြည်ပဝယ်လိုအားရှိတဲ့ နှမ်းနက်(စမုံ)ဈေးများ မြင့်တက်လာခဲ့သလို ဆီကြိတ်နှမ်းများလည်း မြင့်တက်လာခဲ့တာကို တွေ့ရပါတယ်။

ပြည်တွင်းဆီစက်လုပ်ငန်းရှင်များ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကျန်းမာရေးနှင့်ညီညွတ်သော ပြည်တွင်းစားသုံးဆီများကို သုံးစွဲလာစေရေးအတွက် စားအုန်းဆီများကို ယခင်တန်ချိန်(၈၀၀၀၀) တင်သွင်းခဲ့ရာမှ ယခုတန်ချိန်(၅၀၀၀၀)သာ လျှော့ချ တင်သွင်းခဲ့တဲ့အတွက် စားအုန်းဆီဈေးမြင့်တက်ခဲ့ရာ စားအုန်းဆီဈေးနဲ့ပြည်တွင်းမှကြိတ်ခွဲဆီဈေးများ ဈေးကွာခြားမှုမရှိသလောက်ဖြစ်နေသောကြောင့် ကျန်းမာရေးနှင့်ညီညွတ်သည့် ပြည်တွင်းစားသုံးဆီများကိုသာ ဝယ်ယူစားသုံးမှုများလာရာ ဆီစက်လုပ်ငန်းရှင်များလည်း ယခင်နှစ်ထက် စက်လည်ပတ်အားကောင်းလာကာ နှမ်းဈေး၊ မြေပဲဆံဈေးများလည်း အမြင့်ဈေးနဲ့ အရောင်းအဝယ်သွက်နေတယ်လို့ သိရပါတယ်။

နှမ်းဈေးများကတော့ နှမ်းနက်(စမုံ)(၄၅)ပိဿာ သုံးတင်းဝင်တစ်အိတ်လျှင် ယခင်တစ်ပတ် (၁၇၀၀၀၀ိ/-)ဈေး ရှိခဲ့သော်လည်း ယခုတစ်ပတ် (၁၉၅၀၀၀ိ/-)ဈေးအထိဖြစ်ခဲ့ကြောင်း၊ နှမ်းနီ(၄၅) ပိဿာ သုံးတင်းဝင်တစ်အိတ်လျှင် ယခင်တစ်ပတ် (၁၃၅၀၀၀ိ/-)ဈေးရှိခဲ့သော်လည်း ယခုတစ်ပတ် (၁၅၀၀၀၀ိ/-)ဈေးအထိရှိခဲ့ကြောင်း၊ နှမ်းညို(၄၅)ပိဿာ သုံးတင်းဝင်တစ်အိတ်လျှင် ယခင်တစ်ပတ် (၁၃၅၀၀၀ိ/-)ဈေးရှိခဲ့သော်လည်း ယခုတစ်ပတ် (၁၅၀၀၀၀ိ/-)ဈေးအထိရှိခဲ့ကြောင်း၊ နှမ်းဖြူ(၄၅) ပိဿာ သုံးတင်းဝင်တစ်အိတ်လျှင် ယခင်တစ်ပတ်(၁၃၅၀၀၀ိ/-)ဈေးရှိခဲ့သော်လည်း ယခုတစ်ပတ် (၁၅၀၀၀၀ိ/-)ဈေးအထိရှိခဲ့သဖြင့် နှမ်းရောင်စုံဈေးအမြင့်ဖြင့် အရောင်းအဝယ်သွက်နေကြောင်း ကုန်စည်ဒိုင်သတင်းများအရ သိရပါသည်။

Source: ဖန်ခါးမြေကုန်သွယ်မှုဗဟိုဌာန

## မကွေးတိုင်းဒေသကြီးတွင် ပဲမျိုးဈေးအတက်အကျရှိသော်လည်း **စားတော်ပဲဈေးကောင်း**

မကွေးတိုင်းဒေသကြီးတွင် ပဲမျိုးစုံတို့ဝင်ရောက်ကာ အရောင်းအဝယ်ဖြစ်ခဲ့ရာ အချို့ပဲများကတော့ အဝင်မရှိသလောက် ပေမယ့် လက်ကျန်ပဲများဖြင့်သာ အရောင်းအဝယ်ဖြစ်နေတာကိုတွေ့ရပါတယ်။ စားတော်ပဲသီးနှံအနေဖြင့် လက်ကျန်နည်းပါးချိန် ဖြစ်ပေမယ့် ပြည်တွင်းဝယ်လိုအားများတဲ့အတွက် စားတော်ပဲဈေးတက်နေတာကိုတွေ့ရပြီး ဈေးကွက်အတွင်း အမြင့်ဆုံးဈေးဖြင့် အရောင်း အဝယ်ဖြစ်နေတာကိုတွေ့ရပါတယ်။ စားတော်ပဲဈေးကတော့ ယခင်တစ်ပတ်(၇၅၀၀၀ိ/-)ဈေးဖြင့် အရောင်းအဝယ် ဖြစ်ခဲ့ရာ ယခုတစ်ပတ်တွင် (၉၅၀၀၀ိ/-)ဈေးထိ မြင့်တက်လာခဲ့ကာ အခြားသော ပဲမျိုးဈေးအတက်အကျရှိသော်လည်း စားတော်ပဲဈေးမှာ ဈေးကောင်းရနေတဲ့အတွက် ရောင်းသူဈေးကွက်ဖြစ်နေကြောင်း သိရှိရပါသည်။

Source: ဖန်ခါးမြေကုန်သွယ်မှုဗဟိုဌာန

**စီးပွားရေးသံမှူးသတင်းများ**

## တောင်ကိုရီးယားနိုင်ငံတွင် People Power Party မှ Mr. Yoon Suk-yeol က သမ္မတအဖြစ် ရွေးကောက်ခံရခြင်း



Photo: Yonhap News Agency

တောင်ကိုရီးယားနိုင်ငံတွင် နောင်လာမည့်(၅)နှစ်အတွက် သမ္မတအသစ် ရွေးကောက်ပွဲကို (၉-၃-၂၀၂၂) ရက်နေ့တွင် ကျင်းပ ဆောင်ရွက်ခဲ့ရာ၊ အတိုက်အခံပါတီ People Power Party-PPP မှကိုယ်စားလှယ်လောင်း Mr. Yoon Suk-yeol ကရွေးကောက်ခြင်းခံခဲ့ရကြောင်း၊ မဲများအားလုံး ကိုရေတွက်ပြီးနောက် ကွန်ဆာဗေးတစ် People Power Party-PPP မှ Mr. Yoon ကထောက်ခံမဲ၏ (၄၈.၅၆) ရာခိုင်နှုန်းကိုလည်းကောင်း၊ လက်ရှိအာဏာရ လစ်ဘရယ် Democratic Party-DP မှ Mr. Lee Jae-myung က ထောက်ခံမဲ၏ (၄၇.၈၃) ရာခိုင်နှုန်းကိုလည်းကောင်း အသီးသီးရရှိခဲ့ကြောင်းကို အမျိုးသားရွေးကောက်ပွဲကော်မရှင် (National Election Commission-NEC) ၏ ထုတ်ပြန်ချက်အရ သိရှိရပြီး၊ ၎င်းတို့(၂)ဦး၏ မဲရလဒ်ကွာခြားချက်သည် (၀.၇၃) ရာခိုင်နှုန်းသာရှိခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

Mr. Yoon ကမိမိတို့၏ ကိုရီးယားသမ္မတနိုင်ငံသားတိုင်းသည် တစ်သားတည်းသာဖြစ် ကြောင်း မည်သည့်ဒေသ၊ နေရာ (သို့မဟုတ်) လူတန်းစားမရွေး ကိုရီးယားသမ္မတနိုင်ငံ၏ ပြည်သူ ပြည်သားများအားလုံးသည် မည်သည့်နေရာတွင် နေထိုင်သည်ဖြစ်စေ တန်းတူညီမျှ ရှိရမည်ဖြစ်ပြီး ၎င်းတို့အား တရားမျှတစွာ ဆက်ဆံရမည်ဖြစ်ကြောင်းနှင့် မိမိအနေဖြင့် အမျိုးသားစည်းလုံး ညီညွတ်ရေးကိုထိပ်တန်းဦးစားပေးအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမျိုးသားလွှတ်တော် ၌ ပါတီ၏တာဝန်ရှိသူများရှေ့မှောက်တွင်ပြောကြားခဲ့သည့်မိန့်ခွန်း၌ ၎င်းကထည့်သွင်းပြောကြား ခဲ့ ပါသည်။

ထို့ပြင် Mr. Yoon က ၎င်း၏ ရွေးကောက်ပွဲအား ပြည်သူများ၏ ကြီးကျယ်သော အောင်ပွဲအဖြစ်ဖော်ပြခဲ့ပြီး၊ အမျိုးသား ခေါင်းဆောင်တစ်ယောက်ဖြစ်စေသော လိုအပ်ချက်များနှင့် ပြည်သူများ၏အသံများကို မည်သို့နားထောင်ရမည်ကို မဲဆွယ် စည်းရုံးစဉ်တွင် သင်ယူခဲ့ကြောင်း၊ ၎င်း၏ပြိုင်ဘက်များဖြစ်သည့် Mr. Lee နှင့် Ms. Sim Sang-jeung တို့ကိုလည်း ကျေးဇူးတင်ရှိ ကြောင်း၊ ပြိုင်ပွဲသည်ပြီးဆုံးသွားပြီဖြစ်ကြောင်းနှင့် ပြည်သူများနှင့်ကိုရီးယားသမ္မတနိုင်ငံ တစ်သားတည်းဖြစ်စေရေးအတွက် မိမိတို့လက်တွဲဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တာဝန်လွှဲပြောင်းရယူပြီးနောက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အမျိုးသား လွှတ်တော်တို့၏ အခြေခံရပ်တည်ချက်များကို လေးစားလိုက်နာကာ အတိုက်အခံပါတီနှင့်လက်တွဲ၍ ပြည်သူများအား အလုပ်အကျွေးပြုသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

Mr. Yoon ရွေးကောက်ခံရခြင်းဖြင့် လူမှုဖူလုံရေးနှင့် အိမ်ခြံမြေမူဝါဒများကဲ့သို့ စီးပွားရေးဆိုင်ရာကိစ္စရပ်များနှင့် မြောက်ကိုရီးယားနိုင်ငံနှင့် ဆက်ဆံရေးအပါအဝင် နိုင်ငံခြားရေးမူဝါဒ အပေါ်တောင်ကိုရီးယားနိုင်ငံက ရှေ့ဆက်ဆောင်ရွက်မည့် လမ်းညွှန်ချက်များသည်လည်း လေးနက်ကောင်းမွန်သည့် အကျိုးသက်ရောက်မှုများရှိလာနိုင်ကြောင်း၊ Mr. Yoon သည် မြောက်ကိုရီးယား နိုင်ငံ၏ခြိမ်းခြောက်မှုအား တုံ့ပြန်ရန်ကြိုတင်ကာကွယ်မှုလိုအပ်နိုင်သည်ဟု ပြောကြားခဲ့ပြီး၊ အမျိုးသား လုံခြုံရေးကိုတင်းကျပ်စွာကာကွယ်ရမည်ဟု မှတ်ယူထားသူတစ်ဦးဖြစ်ကြောင်း၊ ထို့ပြင် မြောက်ကိုရီးယားနိုင်ငံ၏ ရန်လိုမှုကို ဟန့်တားရန်အတွက် တောင်ကိုရီးယားနိုင်ငံတွင် အမေရိကန်၏ THAAD ဒုံးခွင်းဒုံးစနစ်၏ယူနစ်များကိုဖြန့်ကျက်ထားမည်ဟု ကတိပြုထားခဲ့သူတစ်ဦးလည်းဖြစ်ကြောင်း သတင်းများကဖော်ပြထားကြပါသည်။

Mr. Yoon အနေဖြင့်၎င်း၏သမ္မတသက်တမ်းတွင် အကောင်အထည်ဖော်ဆောင်ရွက်ရန် ကတိကဝတ်ပြုထားသော ကဏ္ဍကြီး (၁၀) ရပ်ရှိပြီး၊ ၎င်းတို့မှာ (၁) ကိုဗစ်-၁၉ ကြောင့် ထိခိုက်ရသော စီးပွားရေးကို ပြန်လည်နာလန်ထူရေး၊ (၂) အလုပ်အကိုင်အခွင့်အလမ်းများကို စဉ်ဆက်မပြတ်ဖန်တီးပေးရေး၊ (၃) အိမ်ရာအသစ် (၂.၅)သန်း ဖော်ဆောင်ရေး၊ (၄) အစိုးရနှင့် သမ္မတရုံးအဖွဲ့အား "Digital Platform Government" အဖြစ်ပြောင်းလဲဆောင်ရွက်ရေး၊ (၅) နိုင်ငံ၏သိပ္ပံနှင့် နည်းပညာ ကဏ္ဍအား ပိုမိုတိုးတက်အောင်ဆောင်ရွက်ရေး၊ (၆) ကလေးသူငယ်မွေးဖွားခြင်း/စောင့်ရှောက်ခြင်းများအတွက် ပိုမိုထောက်ပံ့ပေးရေး၊ (၇) Gender Ministry အားဖျက်သိမ်း၍ မျှတသော လူမှုအဖွဲ့အစည်းကိုဖော်ဆောင်ရေး၊ (၈) ပိုမိုကောင်းမွန်သော သံတမန်ရေးရာနှင့် လုံခြုံမှုများဆောင်ရွက်ရေး၊ (၉) နျူကလီးယားစွမ်းအင်ဆိုင်ရာ ထိပ်တန်းနိုင်ငံတစ်ခုဖြစ်စေရေးနှင့် ကာဗွန် သုံးစွဲမှု လျှော့ချရေးနှင့် (၁၀) မျှတကောင်းမွန်၍ ပိုမိုခေတ်မီဖွံ့ဖြိုးသော ပညာရေးနှင့်ယဉ်ကျေးမှုဆိုင်ရာဝန်းကျင်သစ်ကို ဖန်တီး တည်ထောင်ရေးတို့ဖြစ်ကြပါသည်။ ရွေးကောက်ပွဲတွင် အနိုင်ရရှိ အောင်မြင်ခဲ့သည့် People Power Party-PPP မှ Mr. Yoon Suk-yeol သည်တောင်ကိုရီးယား နိုင်ငံ၏သမ္မတအသစ်အဖြစ် ၂၀၂၂ ခုနှစ်၊ မေလ (၁၀) ရက်နေ့တွင် စတင်တာဝန် ထမ်းဆောင်မည်ဖြစ်ပါသည်။

Source: Yonhap News Agency (10-3-2022)

**ဝင်းပပသူ (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဆိုးလ်မြို့)**

## ဟောင်ကောင်ဒေသရှိ သားသတ်ရုံများ၌ လတ်ဆတ်သော အသားထုတ်လုပ်မှု တိုးမြှင့်နိုင်ရန် တရုတ်ပြည်မကြီးမှ သားသတ်လုပ်သားများ ရောက်ရှိလာခြင်း

ဟောင်ကောင်ဒေသရှိ သားသတ်ရုံများ၌ လတ်ဆတ်သော အသားထုတ်လုပ်မှုအား ကူညီပံ့ပိုးပေးနိုင်ရန် တရုတ်ပြည်မကြီးမှ သားသတ်လုပ်သားများ ဟောင်ကောင်ဒေသသို့ ၂-၃-၂၀၂၂ ရက်နေ့ (ဗုဒ္ဓဟူးနေ့) တွင် ရောက်ရှိလာကြောင်း၊ ယခုရက်သတ္တပတ်အကုန်တွင် လတ်ဆတ်သော အသားများ ထုတ်လုပ်မှု တိုးမြှင့်နိုင်မည်ဖြစ်ကြောင်း၊ သို့သော် ကမ္ဘာ့ကပ် ရောဂါ ကိုဗစ် -၁၉ ကြောင့် သားသတ်လုပ်သားများ အရေအတွက်မှာ နည်းပါးဆဲဖြစ် သဖြင့် အသားဈေးနှုန်းမှာ ဆက်လက်မြင့်မားလျက် ရှိမည်ဖြစ်ကြောင်း ၂-၃-၂၀၂၂ ရက်နေ့ ထုတ် South China Morning Post သတင်းစာ၌ "Mainland workers arrive to help increase meat supply" ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အဆိုပါ သတင်းဆောင်းပါး၌ ဟောင်ကောင်ဒေသ၊Shung Shui နှင့် Tsuen Wan တို့ ရှိသားသတ်ရုံ (၂) ရုံမှ လုပ်သားများတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု တွေ့ရှိခဲ့သဖြင့် အဆိုပါ သားသတ်ရုံ (၂) ရုံအား ၂၆-၂-၂၀၂၂ ရက်နေ့ညမှ စတင်၍ ယာယီပိတ်သိမ်းခဲ့ ကြောင်း၊ သို့သော် Tsuen Wan ရှိ သားသတ်ရုံအား ၂၇-၂-၂၀၂၂ ရက်နေ့တွင် ပြန်လည် ဖွင့်လှစ်ခဲ့သော်လည်း ဝက်ကောင်ရေ (၃၀၀) ကျော်မျှသာ အသားထုတ်လုပ်နိုင်ခဲ့ရာ လုံလောက်မှုမရှိကြောင်း၊ Shung Shui သားသတ်ရုံလည်း ပြန်လည်ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ သားသတ်ရုံများ ဖွင့်လှစ်ထားသည့် Ng Fong Hong သည် ၂-၃-၂၀၂၂ ရက်နေ့ (ဗုဒ္ဓဟူးနေ့)

တွင် တရုတ်ပြည်မကြီးမှ သားသတ်လုပ်သား (၃၈) ဦး ခေါ်ယူခဲ့ပြီး ဟောင်ကောင်၌ လုပ်သားပြတ်လပ်နေမှုအား ကူညီပံ့ပိုးပေးရန် (၂) လကြာ နေထိုင်သွားမည်ဖြစ်ကြောင်း၊ တရုတ်ပြည်မကြီးမှ သားသတ်လုပ်သားများ ကူညီပံ့ပိုးပေးသော်လည်း ယခင် ထုတ်လုပ်သည့် ပမာဏအတိုင်း အသားများထုတ်လုပ်နိုင်ရန်မဖြစ်နိုင်ကြောင်း ရေးသားဖော်ပြထားပါသည်။

Shung Shui သားသတ်ရုံ၌ စုစုပေါင်း လုပ်သား (၁၅၀) ဦး ရှိသော်လည်း ယခုလက်ရှိတွင် (၄၀) ဦးသာ လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်လာနိုင်ကြောင်း၊ တရုတ်ပြည်မကြီးမှ သားသတ်လုပ်သားများ ကူညီပံ့ပိုးပေးလျှင်ပင် လူအင်အား(၇၈) ဦး (သို့မဟုတ်) မူလလူဦးရေ (၁၅၀) ၏ ထက်ဝက်ခန့်သာလျှင်ရှိနိုင်ကြောင်း၊ သားသတ်ရုံများ ပြန်လည်ဖွင့်လှစ်ပြီးလျှင် ကောင်ရေ (၁,၈၀၀) ခန့်မှ အသားထုတ်လုပ်နိုင်ရန် Ng Fong Hong က ခန့်မှန်းထားကြောင်း၊ ဈေးနှုန်းတိုးမြှင့်မှုနှင့်ပတ်သက်၍ စည်းမျဉ်းများ ထုတ်ပြန်ထားမှုမရှိသောကြောင့်လေလံဆွဲမှု ရလဒ်အပေါ်မူတည်မည်ဖြစ်ကြောင်း၊ Pork Trade General Association ဥက္ကဋ္ဌကလည်း ဟောင်ကောင်ဒေသရှိ လတ်ဆတ်သောအသားများထုတ်လုပ်မှုမှာ ၆-၇-၂၀၂၂ ရက်နေ့ (တနင်္ဂနွေနေ့) မှ စတင်၍ ပုံမှန်အခြေအနေသို့ ရောက်ရှိနိုင်ရေး တဖြေးဖြေးချင်း ပြန်လည်စတင်နိုင်ရန် မျှော်မှန်းထားကြောင်း၊ တရုတ်ပြည်မကြီးမှ သားသတ်လုပ်သားများ ကူညီပံ့ပိုးပေးသော်လည်း ဟောင်ကောင်ဒေသခံလုပ်သားများ ကိုဗစ်-၁၉ ရောဂါ ကင်းစင်မှသာလျှင် ဒေသရှိ သားသတ်ရုံများ ပုံမှန်လည်ပတ်နိုင်ပြီး အသားများ ပုံမှန်ပမာဏအတိုင်း ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း စသည်ဖြင့် ရေးသားဖော်ပြထားပါသည်။

**Source: အေးသီရိ (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဟောင်ကောင်)**

## ဘရာဇီးလ်နိုင်ငံရှိ သီးနှံဈေးကွက်များတွင် ပဲပုပ်စေ့ဈေးနှုန်းများမြင့်တက်


Photo: Pixabay

မတ်လ ၈ ရက်နေ့၌ အမေရိကန်နိုင်ငံရှိ ချီကာဂိုစတော့ဈေးကွက်တွင် အမေရိကန်ဒေါ်လာငွေတန်ဖိုး ကျဆင်းခဲ့သော်လည်း သီးနှံကြိုပွဲစဉ့် ဈေးနှုန်းများ မြင့်တက်ခဲ့သဖြင့် ဘရာဇီးလ်ဈေးကွက်တွင်လည်း သီးနှံဈေးနှုန်းများ တစ်ရက်အတွင်း သိသိသာသာမြင့်တက်သွားခဲ့ကြောင်း သတင်းတွင်ဖော်ပြထားသည်။

၆၀ ကီလိုဂရမ်အလေးချိန်ရှိသည့် ပဲပုပ်စေ့ ၁ အိတ်တန်ဖိုးသည် Passo Fundo (RS) ဈေးကွက်တွင် ဟဲရာ ၂၁၁.၀၀ မှ ၂၁၅ သို့လည်းကောင်း၊ Missions region ဈေးကွက်တွင် ဟဲရာ ၂၀၉.၀၀ မှ ၂၁၄.၀၀ ဟဲရာသို့လည်းကောင်း၊ Port of Rio Grande ဈေးကွက်တွင် ဟဲရာ ၂၁၀.၀၀ မှ ၂၁၈.၀၀ ဟဲရာသို့လည်းကောင်း၊ Cascavel, Paraná ဈေးကွက်တွင် ဟဲရာ ၁၉၉.၀၀ မှ ၂၀၃.၅၀ ဟဲရာသို့လည်းကောင်း၊ Paranaguá (PR)ဆိပ်ကမ်းဈေးကွက်တွင် ဟဲရာ ၂၀၄.၅၀ မှ ၂၀၈.၀၀ သို့လည်းကောင်း၊ Rondonópolis (MT) ဈေးကွက်တွင် ဟဲရာ ၁၉၀.၀၀ မှ ၁၉၁.၀၀ သို့ လည်းကောင်း၊ Rio Verde (GO) ဈေးကွက်တွင် ဟဲရာ ၁၈၆.၀၀ မှ ၁၈၈.၀၀ သို့လည်းကောင်း အသီးသီးဈေးနှုန်းများမြင့်တက်ခဲ့ပြီး Dourados(MS) ဈေးကွက်တွင်သာ ၁၉၅.၀၀ ဟဲရာဖြင့် ဈေးနှုန်း တည်ငြိမ်ခဲ့ကြောင်း သတင်းတွင်ဖော်ပြထားသည်။

အမေရိကန်နိုင်ငံ၏သီးနှံဝယ်လိုအားများလည်း မြင့်တက်လျက်ရှိရာ မတ်လ ၈ ရက် နေ့၌ အမေရိကန်နိုင်ငံ ချီကာဂိုစတော့ဈေးကွက်(Chicago Commodity Exchange – CBOT) တွင် ပဲပုပ်စေ့ကြိုပွဲစဉ့်ဈေးနှုန်းများမြင့်တက်ခဲ့ကြောင်း အမေရိကန် စိုက်ပျိုးရေးဌာန(United States Department of Agriculture – USDA) ၏ သတင်းတွင်ဖော်ပြထားသည်။

၂၀၂၁-၂၀၂၂ ခုနှစ် ကာလတွင် အမေရိကန်နိုင်ငံ၌ ပဲပုပ်စေ့လက်ကျန်ပြတ်လပ်မှုများ ဖြစ်ပေါ်နိုင်ကြောင်း စိုက်ပျိုးရေးဌာနက ကြိုတင်ခန့်မှန်းချက်ကို ထုတ်ပြန်ထားခဲ့သည်။ ရာသီဥတုဖောက်ပြန်မှုများနှင့် အခြားအကြောင်းအရာများကြောင့် လက်တင်အမေရိကနိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံများတွင် ပဲပုပ်စေ့လက်ကျန်ပြတ်လပ်မှုများဖြစ်ပေါ်နိုင်ကြောင်း USDA ၏ မတ်လ ၉ ရက်နေ့သတင်းတွင် ဖော်ပြထားသည်။ ကြိုပွဲစဉ့်ရောင်းဝယ်မှုဈေးကွက်တွင် မေလအတွက် ပဲပုပ်စေ့ ၁ စည်တန်ဖိုးသည် ယခင်နေ့ကထက် အမေရိကန်ဒေါ်လာ ၃၀.၂၅ ဆင့် ဈေးနှုန်းပိုမိုမြင့်တက်ခဲ့ပြီး ၁၆.၈၉ ဒေါ်လာဖြင့်လည်းကောင်း၊ ဇူလိုင်လ အတွက် ပဲပုပ်စေ့ ၁ စည်တန်ဖိုးသည် ယခင်နေ့ကထက် အမေရိကန်ဒေါ်လာ ၂၁.၇၅ ဆင့် ဈေးနှုန်းပိုမိုမြင့်တက်ခဲ့ပြီး ၁၆.၅၅ ဒေါ်လာဖြင့်လည်းကောင်း အသီးသီးဈေးနှုန်းများဖြစ်ပေါ်ခဲ့သည်။

ပဲပုတ်စေ့ထွက်ကုန် ကြိုပွိုင့်စျေးကွက်တွင် မေလအတွက်ပဲပုတ်စေ့အခွံ တစ်တန်စျေးနှုန်းသည် ယခင်နေ့ကထက် အမေရိကန်ဒေါ်လာ ၁၄.၆၀ ဒေါ်လာစျေးနှုန်းမြင့်တက်ခဲ့ပြီး ၄၇၃.၃၀ ဒေါ်လာဖြင့်လည်းကောင်း၊ မေလအတွက်ပဲပုတ်ဆီ တစ်ပေါင်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁.၅၃ ဆင့်ပိုမိုမြင့်တက်ခဲ့ပြီး ၇၅.၇၅ ဆင့်ဖြင့်လည်းကောင်း အသီးသီးစျေးနှုန်းများ ဖြစ်ပေါ်ခဲ့ကြောင်း သတင်းတွင်ဖော်ပြထားသည်။

နိုင်ငံခြားငွေရောင်းဝယ်မှုစျေးကွက်တွင် အမေရိကန်ဒေါ်လာငွေတန်ဖိုးသည် ယခင်နေ့ကထက် ၀.၅၇ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး အမေရိကန် ၁ ဒေါ်လာလျှင် ၅.၀၅၀၀ ဟဲရာဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သတင်းတွင်ဖော်ပြထားသည်။ လက်ရှိ ဖြစ်ပေါ်နေသော ရုရှ-ယူကရိန်းစစ်ပွဲကြောင့် ကမ္ဘာ့စျေးကွက်တွင် လောင်စာဆီစျေးနှုန်းများ မြင့်တက်လျက်ရှိရာ အကျိုးဆက် အနေဖြင့် စားသောက်ကုန်နှင့်လူသုံးကုန်ပစ္စည်းများ စျေးနှုန်းမြင့်တက်လျက်ရှိကြောင်း၊ ထို့ကြောင့် ကမ္ဘာ့နိုင်ငံများတွင် ငွေကြေး ဖောင်းပွမှုများဖြစ်ပေါ်လျက်ရှိသည့်အပြင် အမေရိကန်ငွေတန်ဖိုးလည်း ကျဆင်းလျက်ရှိကြောင်း၊ ထို့အပြင် အမေရိကန် သမ္မတ Joe Biden ၏ ရုရှားမှ ရေနံနှင့်သဘာဝဓာတ်ငွေ့ တင်သွင်းခွင့်အား ပိတ်ပင်တားမြစ်ကြောင်း ကြေညာချက်ကြောင့် အမေရိကန်ပြည်တွင်းတွင် လောင်စာစွမ်းအင်စျေးနှုန်းများမြင့်တက်နေပြီး အကျိုးဆက်အဖြစ် စားသုံးကုန်ပစ္စည်းစျေးနှုန်းများ လည်း လိုက်ပါမြင့်တက်လျက်ရှိကြောင်း သတင်းတွင်ဖော်ပြထားသည်။

Source: canalrural.com.br

**ထွန်းအောင်ဇော် (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဘရာဇီးလ်)**

## STOCK EXCHANGE (14.3.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 14th Mar. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,000 | +0 | +0.00% | 8,000 | 8,000 | 8,000 | 100 | 800,000 | 33,109,694 | 264,878 |
| MTSH | 00002 | 2,900 | +100 | +3.57% | 2,800 | 2,900 | 2,800 | 2,100 | 5,881,600 | 38,929,150 | 112,895 |
| MCB | 00003 | 7,900 | +0 | +0.00% | 7,900 | 7,900 | 7,900 | 0 | 0 | 10,400,986 | 82,168 |
| FPB | 00004 | 18,500 | +0 | +0.00% | 18,500 | 18,500 | 18,500 | 13 | 240,500 | 2,472,053 | 45,733 |
| TMH | 00005 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 1 | 2,600 | 12,823,224 | 33,340 |
| EFR | 00006 | 2,750 | +0 | +0.00% | 2,750 | 2,750 | 2,750 | 0 | 0 | 19,977,223 | 54,937 |
| AMATA | 00007 | 5,100 | +0 | +0.00% | 5,100 | 5,100 | 5,100 | 0 | 0 | 10,497,598 | 53,538 |


### Market summary

As of 14th Mar. 2022

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 372.20 | +2.24 | +0.61% | 369.96 | 372.20 | 369.96 | 2,214 | 6,924,700 | 7 | 647,489 |

**Index chart**



# Market Overview

## Main Board

As of 1:00 pm, 14th Mar. 2022

| MYANPIX | 372.20 ▲ 2.24 |
| --- | --- |
| Total Volume (shares) | 2,214 |
| Total Value (MMK) | 7 mil |
| Listed Company | 7 |
| Market Cap. (MMK) | 647,489 mil |

| Name | Code | Price | Change |
| --- | --- | --- | --- |
| FMI | 00001 | 8,000 | ▲ 0 |
| MTSH | 00002 | 2,900 | ▲ 100 |
| MCB | 00003 | 7,900 | ▲ 0 |
| FPB | 00004 | 18,500 | ▲ 0 |
| TMH | 00005 | 2,600 | ▲ 0 |
| EFR | 00006 | 2,750 | ▲ 0 |
| AMATA | 00007 | 5,100 | ▲ 0 |

TIR

TIR